# နိုဝင်ဘာလ ၂၀၁၇ ခုနှစ်၊ လစဉ်အစီရင်ခံစာ

## လက်ရှိအခြေအနေအကျဉ်းချုပ်

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလကုန်တွင် မြန်မာနိုင်ငံ အတွင်း၌ နိုင်ငံရေးလှုပ်ရှားမှုများကြောင့် ဖမ်းဆီး၊ ထိန်းသိမ်း ခံထားရသူ ၂၂၈ ဦးရှိသည်။ ထိုထဲမှ နိုင်ငံရေး အကျဉ်းသား စုစုပေါင်း ၄၆ ဦး အကျဉ်းကျ ခံနေရပြီး တက်ကြွလှုပ်ရှားသူ ၄၉ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရ ကာ ၁၃၃ ဦးသည် ထောင်ပြင်ပမှနေ၍ တရားရင်ဆိုင်နေရ သည်။



ဓာတ်ပုံ ကိုဒိုးကြီး (Facebook)
နိုဝင်ဘာလ ၂၀၁၇ ခုနှစ်

**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

**P.O Box 93, Mae Sot, Tak Province 63110, Thailand**
**E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org**

အေအေပီပီ၏ အင်တာနက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏လူမှုကွန်ရက်စာမျက်နှာကို ဖတ်ရှုရန်အတွက် ဤနေရာကို နှိပ်ပါ

အေအေပီပီ၏တွစ်တာစာမျက်နှာကိုဖတ်ရှုရန်အတွက်ဤနေရာကိုနှိပ်ပါ

# မာတိကာ


နိုင်ငံရေးအကျဉ်းသားများ.......3

ဖမ်းဆီးခံရခြင်းများ.......3

ထိန်းသိမ်းခံရခြင်းများ.......4

တရားရင်ဆိုင်ရခြင်းများ.......5

ထောင်ဒဏ်ချမှတ်ခံရခြင်းများ.......8

ထောင်မှလွတ်မြောက်မှုများ.......10

နိုင်ငံရေးအကျဉ်းသားဟောင်းများ.......10

နိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများ.......12

ဥပဒေပြုရေးနှင့်မူဝါဒရေးဆိုင်ရာတိုးတက်မှုများ.......18

အဖွဲ့အစည်းဆိုင်ရာပြုပြင်ပြောင်းလဲမှုများ.......17

အရေးပါသည့်ဆက်စပ်သတင်းများဖတ်ရန် Links.......20

# နိုင်ငံရေးအကျဉ်းသားများ

- **ဖမ်းဆီးခံရခြင်းများ**

**ရက္ခိုင့်တပ်မတော် စစ်ဦးစီးချုပ်မွေးနေ့အမှတ်တရအတွက် မီးပုံးပျံလွှင့်တင်သူကို ဖမ်းဆီး**

ရက္ခိုင့်တပ်မတော် (AA) စစ်ဦးစီးချုပ်၏ မွေးနေ့အမှတ်တရအဖြစ် မီးပုံးပျံလွှင့်တင်ခဲ့ခြင်းအတွက် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကျောက်ဖြူမြို့မရဲစခန်းမှ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လိပ်ခမော်ကျေးရွာသား ဦးလှထွန်းကျော်အား မတရားအသင်းအက် ဥပဒေ၊ ပုဒ်မ ၁၇(၁)ဖြင့် ဖမ်းဆီးခဲ့သည်။ ကျောက်ဖြူမြို့မ ရဲစခန်းမှူး ဒုရဲမှူး ကျော်ဇောက မတရားအသင်းအဖြစ်ကြေညာထားသည်ကို Happy Birthday General ဟု မီးပုံးပျံတွင် ရေးသားကာ ဓာတ်ပုံများကပ်၍ လွှင့်တင်ခဲ့ခြင်းအတွက် ပုဒ်မ ၁၇(၁)ဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ BNI/မြန်မာ
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ ဒီဗွီဘီ

## ▪ ထိန်းသိမ်းခံရခြင်းများ

**တရားရင်ဆိုင်နေရဆဲဖြစ်သော ဟိုပုံးမြို့နယ်မှ လယ်သမားများကို လွှတ်ပေးရန်အတွက် ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်မှ တောင်းဆို**

နိုဝင်ဘာလ ၂၈ ရက်နေ့တွင် ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင်မှ အရေးပေါ် ကြေညာချက် ထုတ်ပြန်ခဲ့ပြီး အသက် ၁၂ နှစ်အရွယ် ကျောင်းသားတစ်ဦးအပါအဝင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဟိုပုံးမြို့နယ်မှ လယ်သမား ကိုးဦးအား စွဲဆိုထားသော စွဲချက်များကို အမြန်ဆုံး ရုပ်သိမ်းပေးရန် တောင်းဆိုခဲ့သည်။ အမဲလိုက်သေနတ် နှင့် ကျည်ဆံများ၊ လက်ကိုင်ဖုန်းများ၊ လမ်းလျှောက် စကားပြောစက်များ ကဲ့သို့သော ပစ္စည်းများကို ထိုလယ်သမားများ၏ လက်ဝယ်တွင် တွေ့ရှိခဲ့ခြင်းအတွက် ရှမ်းပြည်ပြန်လည်ထူထောင်ရေး ကောင်စီ/ရှမ်းပြည် တပ်မတော် (RCSS/SSA) နှင့် ဆက်နွယ်လျက်ရှိသည်ဟူသော သံသဖြင့် ခမရ ၄၂၄၊ ခလရ ၂၂၅၊ ခလရ ၂၂၉ တို့မှ ၎င်းတို့အား ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ယခုလက်ရှိတွင် ဟိုပုံးရဲစခန်း၌ ထိန်းသိမ်းထားသော အရွယ်ရောက်ပြီးသူ ရှစ်ဦးအနက် ခြောက်ဦးသည် တရားရုံး၌ တရားရင်ဆိုင်လျက်ရှိပြီဖြစ်သော်လည်း ကျန်ရှိသည့် နှစ်ဦးမှာမူ တရားလိုများ ရုံးချိန်း တက်ရောက်ရန် ပျက်ကွက်သောကြောင့် တရားရင်ဆိုင်ရခြင်းမရှိသေးပါ။ ၁၂ နှစ် အရွယ် ကျောင်းသားတစ်ဦးသည် သြဂုတ်လ ၈ ရက်နေ့တွင် အချုပ်မှ ပြန်လည် လွှတ်မြောက်လာခဲ့သော်လည်း တရားရင်ဆိုင် နေရသည်မှာ ဆယ်ကြိမ်ကျော်ရှိပြီဖြစ်သည်။

[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ BNI/မြန်မာ]
[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင်]
[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ BNI/မြန်မာ]

**ကျောက်တော်မြို့သစ်မှ ဦးကျော်သိန်းကို ဖမ်းဆီး ခေါ်ဆောင်**

နိုဝင်ဘာလ ၁၉ ရက်နေ့တွင် မြောက်ဦးအခြေစိုက် တပ်ရင်း ခမရ ၃၇၇ မှ တပ်သား နှစ်ဦးမှ ဖျံ့ဉခြောက်ဝယ်ယူရန်လာသော ကျောက်တော်မြို့သစ်ရပ်ကွက်မှ ဦးကျော်သိန်းအား ပလက်ဝ မြို့နယ် မီးဇာဆိပ်ကမ်းတွင် ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ သည်ဟု ဦးကျော်သိန်း၏ မိသားစုဝင်တစ်ဦးမှ ပြောကြားခဲ့သည်။ ဖမ်းဆီးသွားခဲ့သည်မှာ ဆယ်ရက်ခန့်ရှိပြီဖြစ်သော်လည်း အဆက်အသွယ်မရရှိသည့်အတွက် စိုးရိမ်လျက်ရှိပြီး ဦးကျော်သိန်းတွင် ငွေကျပ် ၅၆ သိန်းပါသွားခဲ့ဟုလည်း ပြောကြားခဲ့သည်။ ၎င်းတို့မှ ဗျူဟာမှူးထံတွင် တိုင်ကြားခဲ့ပြီးဖြစ်ပြီး ဗျူဟာမှူးမှ မည်သည့်အကြောင်းအရာမျှ ပြန်လည် ပြောကြားခြင်းမရှိသေးပါဟုလည်း ပြောကြားခဲ့သည်။

[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ BNI/မြန်မာ]

## ▪ တရားရင်ဆိုင်ရခြင်းများ

**KWAT နှင့် Fortify Rights တို့မှ ကချင်လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ ဒါရှီနော်လွမ်းကို လွှတ်ပေးရန်အတွက် တောင်းဆို**

နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံရှိ ကချင်အမျိုးသမီးအစည်းအရုံး (KWAT) နှင့် Fortify Rights တို့မှ ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး ကချင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ ဒါရှီနော်လွမ်းကို လွှတ်ပေးရန်အတွက် တောင်းဆိုခဲ့ကြသည်။ ထိုနေ့တွင် မိုးညှင်းခရိုင်တရားရုံးမှ သူ့အား ရုံးထုတ်စစ်ဆေးမည်ဖြစ်ပြီး စွဲချက်များကို ရုပ်သိမ်းသင့်၊မသင့် ဆုံးဖြတ်မည်ဖြစ်သည်။ ဒါရှီနော်လွမ်းသည် အသရေဖျက်မှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၀ ဖြင့် တရားစွဲဆိုခြင်းခံထားရပြီး ဖားကန့်မြို့နယ်တရားသူကြီး ဦးစိုးလွင်အောင်မှ ဇွန်လ ၂၆ ရက်နေ့တွင် တရားရုံးသို့ လာရောက်ရန် ဆင့်ခေါ်ကတည်းက အမှုရင်ဆိုင်နေရသည်။ ကချင်လွတ်မြောက်ရေး တပ်မတော် နှင့် တပ်မတော်တို့ကြား တနိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (NCA) ပျက်ပြယ်သွားခဲ့သော ဇွန်လ ၉ ရက်နေ့ကို အမှတ်ရသောအားဖြင့် ထိုနေ့တွင် သူသည် တပ်မတော်မှ လူ့အခွင့်အရေးချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော သတင်းအချက်အလက်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဝေငှခဲ့သည်ဟု စွပ်စွဲခံခဲ့ရသည်။ အမှတ် (၁၀၁) ခြေမြန်တပ်ရင်းမှ ဗိုလ်ကြီး ကြည်မင်းထွန်းမှ သူ့အား ဖားကန့်မြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့သည်။ ဒါရှီနော်လွမ်းသည် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်အတွင်းရှိ ရွာသားများ၏ အခွင့်အရေးများကို ကာကွယ်လျက်ရှိသော လူထုအခြေပြု အဖွဲ့အစည်းတစ်ခုဖြစ်သည့် ကချင် အမျိုးသား တိုးတက်ရေး ဖောင်ဒေးရှင်း (ခေါ်) မြူရှဇင်လမ်၏ အတွင်းရေးမှူးတစ်ဦးဖြစ်သည်။ အောက်တိုဘာလ ၂ ရက်နေ့တွင် သူသည် တရားစွဲဆိုခံထားရမှုနှင့် ပတ်သက်၍ မိုးညှင်းမြို့နယ်တရားရုံး တွင် အယူခံဝင်ခဲ့သည်။
[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ Fortify Rights]

**တောင်ငူခရိုင်တရားရုံးမှ တောင်သူ ၁၀ ဦး၏ အာမခံကို ရုပ်သိမ်း**

နိုဝင်ဘာလ ၁၇ ရက်နေ့တွင် တောင်ငူခရိုင်တရားရုံးမှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အိုက်စောက်ကျေးရွာမှ တောင်သူ ၁၀ ဦး၏ အာမခံကို ရုပ်သိမ်းခဲ့သည်။ တောင်ငူ လေတပ်စခန်းဌာနချုပ်မှ သိမ်းဆည်းထားသော လယ်ယာမြေများပေါ်တွင် ခြံစည်းရိုးကာရံခြင်းကို ဖျက်ဆီးခြင်းအတွက် ထိုတောင်သူ ၁၀ ဦးသည် အမှုရင်ဆိုင်နေရသည်။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် ၎င်းတို့သည် ပိုက်နက်ကျူးလွန်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုခြင်းခံခဲ့ရပြီး နောက်ပိုင်းတွင် အာမခံဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သည်။ အမှုရင်ဆိုင်နေစဉ်အတွင်း တရားလိုမှ ပုဒ်မ ၄၄၇ မှ အကျိုးဖျက်ဆီးမှု၊ ရာဇသတ်ကြီးပုဒ်မ ၄၂၇ သို့ ပြောင်းလဲ တရားစွဲဆိုရန် လျှောက်ထားခဲ့ရာ တရားရုံးမှ ပုဒ်မ ၄၂၇ ကို လက်မခံဘဲ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၆/၁ ဖြင့် တရားစွဲဆိုရန် လက်ခံခဲ့သည်။ ၁၉၉၁ ခုနှစ်ခန့်က ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အိုက်စောက်ကျေးရွာနေ ဒေသခံ တောင်သူ ၅၉ ဦး ပိုင်ဆိုင်သော လယ်ယာမြေဧက ၃၄၅ ဒသမ ၅၀ ကို လေတပ်စခန်းဌာနချုပ်အတွက် လေယာဉ်ကွင်း တည်ဆောက်ရန် နှုတ်မိန့်ဖြင့် သိမ်းဆည်းခဲ့သည်။ သို့သော်လည်း ပိုလျှံသော မြေများကို ပြန်မပေးခဲ့ဘဲ တောင်သူတချို့ကို သီးစားချ၍ လုပ်ကိုင်ခွင့်ပေးခဲ့သည်။ နောက်ပိုင်းတွင် လုပ်ကိုင်စားသောက်ခွင့် ရုပ်သိမ်းခဲ့ကာ ခြံစည်းရိုးကာရံခြင်း ပြုလုပ်ခဲ့သည်။ ထိုလယ်ယာမြေများ အတွက် တောင်သူ များတွင် သီးနှံအခွန်ပြေစာများသာမက လယ်ယာမြေပိုင်ဆိုင်ခွင့်လက်မှတ်များပါရှိသည်။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လခန့်က တောင်သူများမှ ထွန်တုံး တိုက်ပွဲဆင်နွှဲခဲ့ပြီး ယခု အာမခံ ရုပ်သိမ်းခံရ၍ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် တောင်ငူခရိုင် တရားရုံး၌ ဖဲကြိုးနီကမ်ပိန်း ပြုလုပ်ရန် ရည်ရွယ်ခဲ့သော်လည်း လေတပ်စခန်းဌာနချုပ်မှ တရားလို ဗိုလ်ကြီး တစ်ဦးနှင့် တပ်ကြပ်ကြီး တစ်ဦး၊ တရားလိုဘက်မှ အကျိုးဆောင်ရှေ့နေတို့ ရုံးချိန်းမတက်ရောက်သောကြောင့် ရုံးချိန်းကို ဒီဇင်ဘာလ ၅ ရက်နေ့သို့ ပြောင်းလဲ ချိန်းဆိုခဲ့ပြီး ထိုနေ့တွင် ဆန္ဒထုတ်ဖော်မည်ဖြစ်သည်။ ၂၀၁၀ ခုနှစ် နောက်ပိုင်းတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူများက တပ်မတော်မှ လိုအပ်ချက်ကြောင့် သိမ်းဆည်းခဲ့သော်လည်း ပိုလျှံမြေများကို ပြန်လည် ပေးအပ်မည်ဖြစ်ကြောင်း၊ မူလတောင်သူများက ပိုင်ဆိုင်ခွင့်လက်မှတ် သို့မဟုတ် သီးနှံပြေစာများကို ပြသနိုင်ရန်သာ လိုအပ်ကြောင်း ပြောကြားထားသော်လည်း လက်တွေ့တွင် မြေသိမ်းခံတောင်သူများသည် လယ်ယာမြေများကို ပြန်လည် ရရှိခြင်းမရှိပါ။
[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်၊ The Voice/မြန်မာ]
[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ The Voice/မြန်မာ]

**ထားဝယ်ခရိုင် တောင်သူလယ်သမား သမဂ္ဂဥက္ကဋ္ဌ ဒေါ်ရီထွေး အာမခံဖြင့် လွတ်မြောက်**

တနင်္သာရီတိုင်းဒေသကြီး၊ ထား ဂယ်မြို့တွင် မြေယာပိုင်ဆိုင်မှုပြဿနာဖြစ်ပွားခဲ့ပြီး ထားဝယ် အများပိုင်ကုမ္ပဏီ (DDPC) နှင့် အစိုးရဌာနနစ်ခုက တရားစွဲဆိုထားသည့် ထားဝယ်ခရိုင် တောင်သူလယ်သမား သမဂ္ဂဥက္ကဋ္ဌ ဒေါ်ရီထွေးသည် နိုဝင်ဘာလ ၂၉ ရက်နေ့၊ သူမ၏ ဒုတိယအကြိမ်ရုံးချိန်း၌ အာမခံဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သည်။ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ထားဝယ်မြို့နယ်တရားရုံး၌ ဒေါ်ရီထွေးသည် စွဲဆိုထားသော စွဲချက်များအတွက် တရားရင်ဆိုင်ခဲ့ပြီး တရားရုံး မှ အာမခံရယူနိုင်ကြောင်း ပြောကြားခဲ့သော်လည်း အာမခံမယူခဲ့ခြင်းကြောင့် ထိုနေ့တွင်ပင် ထားဝယ်အကျဉ်းထောင်၌ ထိန်းသိမ်းခံခဲ့ရသည်။ ဒေါ်ရီထွေးမှ တနင်္သာရီတိုင်း၏ CSO ကော်မတီအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (အကြောင်းအရာအလိုက်)တွင် တနင်္သာရီတိုင်းဒေသကြီး အတွက် စာတမ်းတင်ရမည်ဖြစ်သော ကြောင့် စာတမ်းများ ပြုစုရန် အာမခံယူရခြင်း ဖြစ်သည်ဟု ပြောကြားခဲ့သည်။ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ပြစီမံကိန်းအတွင်းပါဝင်ပြီး လျော်ကြေးမပေးရသေးသော လယ်ယာမြေများကို DDPC မှ လာရောက်မြေဖို့စဉ် တားဆီးခဲ့သည့်အတွက် ဒေါ်ရီထွေး အပါအဝင် လယ်သမား လေးဦးကို DDPC ကုမ္ပဏီမှ ဒါရိုက်တာဖြစ်သူ ဦးကျော်သိန်းနိုင်က တရားလိုပြုလုပ်၍ ရာဇသတ်ကြီး ပုဒ်မ ၂၉၄၊ ၂၇၉ (က) နှင့် ၄၂၇ ဖြင့် တရားစွဲဆိုခဲ့သည်။ ထို့ပြင် အကောက်ခွန်ဦးစီးဌာနမှ ဦးအုန်းဝင်းမှလည်း ဒေါ်ရီဝင်း အပါအဝင် လယ်သမား လေးဦးကို ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့်လည်းကောင်း၊ လူမှု ဂန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ဒေါ်ဖြူဖြူ ဂင်းမှ ဒေါ်ရီဝင်းအပါအဝင် လယ်သမား ငါးဦးကို ရာဇသတ်ကြီးပုဒ်မ ၄၄၇၊ ၄၂၇ တို့ဖြင့်လည်းကောင်း အသီးသီး တရားစွဲဆိုခဲ့သည်။ ဒေါ်ရီထွေးမှ ၎င်းတို့၏ လယ်ယာမြေများကို မည်သည့် အချိန်က သိမ်းဆည်းခဲ့သည်ကို မသိရှိပါ၊ လျော်ကြေးလည်း မရရှိခဲ့ပါဟု ပြောကြားခဲ့သည်။ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ဒေါ်ရီထွေးသည် ရုံးချိန်းတက်ရောက်ရမည်ဖြစ်သည်။

၂၀၁၂ ခုနှစ်က စတင်ဖြစ်ပွားခဲ့သော မြေယာပိုင်ဆိုင်မှု အငြင်းပွားမှု ပြဿနာကို တရားမျှတစွာ မဖြေပေးနိုင်ခြင်းနှင့် ပတ်သက်ပြီး ယခင် အစိုးရ လက်ထက်က ဆန္ဒထုတ်ဖော်မှုများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြပြီး တရားစွဲဆိုမှုတွေကြောင့် အငြင်းပွားမှုဖြစ်ပွားနေသော မြေအတွင်း လုပ်ကိုင် နေထိုင်နေကြသူများသည် ထောင်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။ ယခုအစိုးရလက်ထက်တွင် ထိုပြဿနာကို တွေ့ဆုံ ညှိနှိုင်းပြီး ဥပဒေအရ ဖြေရှင်းပေးရန် တောင်းဆိုခဲ့သော်လည်း တိုင်းဒေသကြီး အစိုးရအနေဖြင့် ယခုအချိန်ထိဖြေရှင်းပေးခဲ့ခြင်းမရှိသောကြောင့် အောက်တိုဘာလ ၁၈ ရက်နေ့တွင် တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်အပါအဝင် ဝန်ကြီး နှစ်ဦးကို နှုတ်ထွက်ပေးရန် ဒေါ်ရီထွေးမှ ဦးဆောင်၍ ဆန္ဒ ထုတ်ဖော်ရန် စီစဉ်ခဲ့ေ သော်လည်း ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေး အဖွဲ့မှ လာရောက် တားဆီးခြင်းကြောင့် ဆန္ဒထုတ်ဖော်ပွဲကို ဖျက်သိမ်းခဲ့ရသည်။
[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်၊ အီလဲဗင်း/မြန်မာ]

**ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေး၏ အာမခံလျှောက်ထားမှုကို ပယ်ချ**

နိုဝင်ဘာလ ၉ ရက်နေ့တွင် ဒဂုံဆိပ်ကမ်းမြို့နယ်တရားရုံးမှ နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ) စွဲချက်ဖြင့် တရားရင်ဆိုင်နေရသော ကလေးစစ်သားဟောင်း ကိုအောင်ကိုထွေး၏ အာမခံလျှောက်ထားမှုကို ပယ်ချခဲ့သည်။ ကိုအောင်ကိုထွေး၏ ရှေ့နေဖြစ်သူ ဦးဇော်မင်းလှိုင်မှ ကိုအောင်ကိုထွေး ထွက်ပြေးလျှင် တာဝန်ယူပါမည်ဟူသော အာမခံနစ်ယောက်ထည့်သွင်းထားပြီးဖြစ်သော်လည်း တရားရုံးမှ ထွက်မပြေးဘူးဆိုသော သက်သေမပြနိုင်သည့်အတွက် အာမခံ မပေးရန် ဆုံးဖြတ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ကိုအောင်ကိုထွေးသည် ကလေးစစ်သားအဖြစ် အဓမ္မ စုဆောင်းခြင်းခံခဲ့ရစဉ်က အတွေ့အကြုံများနှင့် ၁၀ နှစ် ပြစ်ဒဏ် ချမှတ်ခံခဲ့ရစဉ်က ကြုံတွေ့ခဲ့ရသော အကျဉ်းထောင်တွင်း အတွေ့အကြုံများကို ဩဂုတ်လတွင်း လွတ်လပ်သော အာရှအသံ (RFA) နှင့် အမေး၊အဖြေ ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ဒုတိယဗိုလ်မှူးကြီး မျိုးမြင့်အောင်မှ တရားလိုပြုလုပ်ကာ ဒဂုံဆိပ်ကမ်းမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားကာ သူ့အား တရားစွဲဆိုခဲ့ပြီးနောက် ဩဂုတ်လ ၁၈ ရက် နေ့တွင် သူသည် ဖမ်းဆီးခြင်းခံခဲ့ရသည်။ နိုဝင်ဘာလ ၉ ရက်နေ့ ရုံးချိန်းတွင် တရားလိုပြသက်သေတစ်ဦးဖြစ်သော ဗိုလ်ကြီးထွန်းနိုင်ကို စစ်ေ ဆးခဲ့သည်။ နို ဝင်ဘာလ ၂၃ ရက်နေ့တွင် ကိုအောင်ကိုထွေးကို ရှစ်ကြိမ်မြောက် ရုံးထုတ် စစ်ဆေးမည်ဖြစ်ပြီး ထိုနေ့ရုံးချိန်းတွင် တပ်မတော်မှ တင်သွင်းထားသော တရားလိုပြသက်သေများကို ဆက်လက် စစ်ဆေးသွားမည်ဖြစ်သည်။
[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]

**တရားလိုမလာရောက်သဖြင့် ရွှေ့ဆိုင်းခဲ့ရသော ဦးမိုက်ကယ်ကျော်မြင့်အမှု ဆက်လက် စစ်ဆေး**

နိုဝင်ဘာလ ၁ ရက်နေ့တွင် တာမွေမြို့နယ်တရားရုံး၌ ပြုလုပ်မည့် နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် တရားစွဲဆို ထားခြင်းခံနေရသော ဦးမိုက်ကယ်ကျော်မြင့်၏ ပထမအကြိမ် ရုံးချိန်းကို တရားလိုဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးမှ ညွှန်ကြားရေးမှူး ဦးမိုးဟိန်းမှ ခွင့်တိုင်ကြားသောကြောင့် အမှုအား မစစ်ဖြစ်ခဲ့ဘဲ ရုံးချိန်းကို နိုဝင်ဘာလ ၁၀ ရက်နေ့သို့ ပြန်လည် ချိန်းဆိုခဲ့သည်။ နိုဝင်ဘာလ ၁၀ ရက်နေ့ရုံးချိန်း တွင်လည်း တရားလိုမှ လာရောက်ခြင်းမရှိသောကြောင့် ရုံးချိန်း ကို ထပ်မံ ရွှေ့ဆိုင်းခဲ့ရသည်။ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဦးမိုက်ကယ်ကျော်မြင့်ကို တာမွေမြို့နယ်တရားရုံး၌ ဆက်လက် ရုံးထုတ်ခဲ့ပြီးတရားလို ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမိုးဟိန်းအား စတင်စစ်ဆေးခဲ့သည်။ ထိုရုံးချိန်းတွင် ဦးမိုက်ကယ်ကျော်မြင့်မှ ကျန်းမာရေးမကောင်း ကြောင်း၊ အခြားတရားရုံးများ၌ တရားစွဲခံထားရသောအမှုများ တွင် အာမခံရရှိခဲ့ကြောင်း စသည့်အကြောင်းပြချက်များဖြင့် အာမခံလျှောက်ထားခဲ့သော်လည်း တရားသူကြီးမှ အာမခံပေး၍ မရသည့် ပုဒ်မ ဖြစ်သည့်အတွက် အာမခံ မပေးခဲ့ပါ။ အောက်တိုဘာလ ၂၃ ရက်နေ့တွင် ဦးမိုက်ကယ်ကျော်မြင့်သည် ဆန္ဒပြရန် ထွက်ခွာခြင်းမပြုမီ နိုင်ငံတော် အကြည်ညိုပျက်စေမှု၊ ရာဇသတ်ကြီးပုဒ်မ ၅၀၅ (ခ)ဖြင့် ဖမ်းဆီး၊ ထိန်းသိမ်းခြင်းခံခဲ့ရ သည်။ ထိုဆန္ဒပြပွဲအတွက် အောက်တိုဘာလ ၂၁ ရက်နေ့တွင် ဦးမိုက်ကယ်ကျော်မြင့်သည် အာဏာပိုင်များထံမှ ခွင့်ပြုချက် ရရှိခဲ့ပြီးဖြစ်သည်။ ဦးမိုက်ကယ်ကျော်မြင့်မှ မည်သည့် ရည်ရွယ် ချက်ဖြင့် ဆန္ဒထုတ်ဖော်မည် ကို အောက်တိုဘာလ ၂၃ ရက်နေ့က လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားခဲ့ခြင်းနှင့် ဆက်နွယ်ကာရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညွှန်ကြား ရေးမှူး ဦးမိုးဟိန်းမှ သူ့အား အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ The Voice/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ အီလဲဗင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ အီလဲဗင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ အီလဲဗင်း/မြန်မာ

- **ထောင်ဒဏ်ချမှတ်ခံရခြင်းများ**

**ထောင်ဒဏ် နှစ်နှစ် ချမှတ်ခံခဲ့ရပြီးနောက် နောက်ဆုံးတွင် မိုင်းချိုထွေး ရှေ့နေနှင့် တွေ့ဆုံခွင့်ရ**

အောက်တိုဘာလ ၅ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရပြီးကတည်းက ရှမ်းပြည်နယ် မြောက်ပိုင်း၊ နမ့်ဆန်မြို့နယ်၊ ထမ်းမဆိုင်ရွာမှ အသက် (၁၄)နှစ်အရွယ် အဋ္ဌမတန်းကျောင်းသား မိုင်းချိုမင်းထွေး(ခ) အိုက်ယန်းသည် သူ၏ ရှေ့နေနှင့် တွေ့ဆုံခွင့်မရရှိခဲ့ဘဲ နိုဝင်ဘာလ ၂ ရက်နေ့တွင် ပထမအကြိမ် ရှေ့နေနှင့် တွေ့ဆုံခွင့် ရရှိခဲ့သည်။ နိုဝင်ဘာလ ၇ ရက်နေ့ ထိတိုင် အာဏာပိုင်များမှ သူ၏ရှေ့နေအား တရားရုံး မှတ်တမ်းများ ပေးအပ်ခြင်းမရှိသေးပါ။ အောက်တိုဘာလ ၅ ရက်နေ့တွင် မိုင်းချိုမင်းထွေး(ခ) အိုက်ယန်းသည် သူ၏ရွာမှ နမ့်ဆန်မြို့သို့ ပြန်လာစဉ် ညနေ ၅ နာရီအချိန်ဂန်းကျင်ခန့်တွင် နမ့်ဆန်မြို့အဝင်၌ ခြေမြန်တပ်ရင်း အမှတ် (၁၀၅) မှ ဗိုလ်ကြီးသူရထွန်း ဦးဆောင်သည့် အဖွဲ့မှ သူ့အား စစ်ဆေးခဲ့ပြီး သူ၏ဖုန်းအတွင်း၌ TNLA စစ်ဝတ်စုံဝတ်ဆင်ပြီး သေနတ် ကိုင်ထားသော သူ၏ဓာတ်ပုံများကို တွေ့ရှိခဲ့သောကြောင့် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သူ့အား ဖမ်းဆီးခဲ့ပြီးနောက် နမ့်ဆန်မြို့ နယ်၊ တပ်မတော် ခြေမြန်တပ်ရင်း အမှတ် ၃၂၄ တွင် ခုနစ် ရက်ကြာ ချုပ်နှောင်ထားခဲ့ပြီး တပ်မတော်အရာရှိများမှ သန်းခေါင်ယံအချိန်တွင် စစ်ဆေးစဉ် ရိုက်နှက်ခြင်း၊ အိပ်ခွင့် မပေးခြင်း တို့အပြင် ရေနှင့် အစားအစာများလည်း ပေးခြင်း မရှိခဲ့ပါဟု သူ၏ ရှေ့နေဖြစ်သူမှ ပြောကြားခဲ့သည်။ အောက်တိုဘာလ ၁၂ ရက်နေ့တွင် သူသည် နမ့်ဆန်မြို့မ ရဲစခန်းသို့ လွှဲပြောင်းခြင်းခံခဲ့ရပြီး အောက်တိုဘာလ ၂၅ ရက် နေ့တွင် မတရားအသင်းအက်ဥပဒေ၊ ပုဒ်မ ၁၇(၁)ဖြင့် အမှုဖွင့်ခြင်းခံခဲ့ရသည်။ အောက်တိုဘာလ ၃၀ ရက်နေ့တွင် မြန်မာ့တပ်မတော် ခမရ (၇၇) မှ ဗိုလ်မှူးမြင့်မောင်မောင်စိုးက တရားလိုပြုလုပ်၍ မိုင်းချိုမင်းထွေး(ခ) အိုက်ယန်း အား နမ့်ဆန်မြို့နယ် တရားရုံး တွင် မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁) ဖြင့် တရားစွဲဆိုခဲ့သည်။ ထိုနေ့တွင်ပင် နမ့်ဆန်မြို့နယ် တရားရုံး တရားသူကြီး ဦးဇော်ဇော်ဦးမှ နှစ်ဖက်သက်သေ များအား စစ်ဆေး မေးမြန်းခြင်းမရှိဘဲ သူ့အား မွန္တလေးလူငယ်ပြုပြင်ထိန်းသိမ်းရေးစခန်းတွင် နှစ်နှစ် နေထိုင်ရန် အမိန့်ချမှတ်ခဲ့ပြီး ဒဏ်ငွေတစ်ထောင်ကျပ်ပါ ပေးဆောင်စေရန် အမိန့်ချမှတ်ခဲ့သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ BNI/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ မြန်မာတိုင်း/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ BNI

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ မြန်မာတိုင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ Fortify Rights

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ Burma Campaign UK

**လွှတ်တော်အား ဒရုန်းယာဉ်ဖြင့် ရိုက်ကူးရန် ကြိုးပမ်းခြင်းအတွက် မြန်မာနိုင်ငံသား နှစ်ဦးအပါအဝင် လေးဦးကို ပြစ်ဒဏ်ချမှတ်**

နိုဝင်ဘာလ ၁၀ ရက်နေ့တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် တရားရုံးမှ ဘာသာပြန်နှင့် ပြည်တွင်းအလွတ်သတင်းထောက် ကိုအောင်နိုင်စိုး၊ ယာဉ်မောင်း ကိုလှတင်နှင့် တူရကီနိုင်ငံ အခြေစိုက်၊ TRT သတင်းဌာန (စင်္ကာပူရုံးခွဲ)မှ သတင်းထောက် နှစ်ဦးတို့အား ၁၉၃၄ ခုနှစ်၊ လေကြောင်းပျံသန်းမှု ဆိုင်ရာ အက်ဥပဒေ၊ ပုဒ်မ ၁၀ ဖြင့် ထောင်ဒဏ် နှစ်လစီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ စတင်ဖမ်းဆီးခံခဲ့ရစဉ်က ၎င်းတို့ လေးဦးသည် နေပြည်တော်ရှိ လွှတ်တော် အဆောက်အဦးများ အား ဒရုန်းယာ ဉ်ဖြင့် ရိုက်ကူးရန် ကြိုးပမ်းခဲ့ခြင်းအတွက် သွင်းကုန်၊ပို့ကုန်ဥပဒေ၊ ပုဒ်မ ၈ ဖြင့် တရားစွဲဆိုခြင်း ခံထားရသော်လည်း ပြစ်ဒဏ်ချမှတ်သည့်နေ့တွင်မှ နောက်ထပ် အမှုတစ်မှုဖြစ်သော လေကြောင်းပျံသန်းမှုဆိုင်ရာ ဥပဒေဖြင့် ထပ်တိုးတရားစွဲဆိုခြင်းခံထားရသည်ကို သိရှိခဲ့ပြီး ပြ ပစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် လေကြောင်းပျံသန်းမှုဆိုင်ရာ အက်ဥပဒေအတွက် ဥပဒေဆိုင်ရာ ပြင်ဆင်ရန် လုံလောက်သော အချိန်မရရှိခဲ့သည့်အပြင် ၎င်းတို့၏ ရှေ့နေများမှလည်း စွဲချက်အသစ်ဖြင့် တရားစွဲဆိုသည်ကို မသိရှိခဲ့ပါ။ နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကိုအောင်နိုင်စိုး ၏ သူငယ်ချင်းဖြစ်သူ ကိုရဲထူးမှ ထိုအမှုကို စစ်ဆေးရန်နှင့် ဖြေရှင်း ဆောင်ရွက်ပေးရန် မြန်မာ စာနယ်ဇင်းကောင်စီသို့ ပန်ကြားခဲ့သော်လည်း တရားစွဲဆိုခံရသော ကာယကံရှင် ကိုယ်တိုင် တောင်းဆိုခြင်းမဟုတ်၍ ငြင်းဆိုခြင်းခံခဲ့ရသည်။ နိုဝင်ဘာလ ၁၆ ရက်နေ့ ရုံးချိန်းတွင် ၎င်းတို့၏ရှေ ့နေများမှ လေကြောင်းပျံသန်းမှုဆိုင်ရာ အက်ဥပဒေဖြင့် ထောင်ဒဏ်ချမှတ် ထားပြီးဖြစ်သဖြင့် ၎င်းပြစ်မှုနှင့် ဆင်တူသည့် ပြစ်မှုတစ်ခုကို ထပ်မံစီရင်ခြင်းမရှိရဟု ဥပဒေ၌ ပြဋ္ဌာန်းထားသောေ ကြောင့် လက်ရှိအမှုကို ရုပ်သိမ်း သင့်ပါကြောင်း ဇမ္ဗူသီရိမြို့နယ် တရားသူကြီး ဦးဇော်ဝင်းထူးထံသို့ ေ လျှောက်လဲချက်ပေးခဲ့သည်။ ထိုလျှောက်လဲချက်အား ဦးဇော်ဝင်းထူးမှ လက်ခံခဲ့သော်လည်း တရားလိုရှေ့နေမှ ကန့်ကွက် ခဲ့သောကြောင့် ၎င်းတို့လေးဦး၏ ရှေ့နေများမှ တရားရုံးသို့ ထိုလျှောက်လဲချက်ကို စာဖြင့် ရေးသားတင်ပြရမည်ဖြစ်သည်။ ထိုနေ့ရုံးချိန်း၌ တရားလို နှင့် ဖမ်းဆီးမှု ပြုလုပ်ခဲ့ေ သာ ရဲအရာရှိတစ်ဦးကိုသာ စစ်ဆေးနိုင်ခဲ့ပြီး

တရားလိုပြသက်သေ ရှစ်ဦးသည် ရုံးချိန်းတက်ရောက်ခြင်းမရှိခဲ့ပါ။ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ်တရားရုံး၌ ၎င်းတို့အား ရုံးထုတ်စစ်ဆေးခဲ့ပြီး ၎င်းတို့၏ ရှေ့နေများမှ သွင်းကုန်၊ပို့ကုန်အက်ဥပဒေ၊ ပုဒ်မ ၈ ဖြင့် တရားစွဲဆို ထားမှုကို ပယ်ဖျက်ပေးရန် လျှောက်ထားခဲ့သော်လည်း တရားရုံးမှ ပယ်ချခဲ့ပြီး နိုင်ငံခြားသားနှစ်ဦးကို ပြည်ဝင်ခွင့် ဗီဇာရက်လွန်ခြင်းအတွက် ၁၉၄၇ ခုနှစ်၊ လူဝင်မှု ကြီးကြပ်ရေးဥပဒေ ၁၃(၁)ဖြင့် ထပ်မံ တရားစွဲဆိုခဲ့သည်။ နိုင်ငံခြားသားနှစ်ဦး၏ ပြည်ဝင်ခွင့် ဗီဇာသည် ၎င်းတို့ ထိ န်းသိမ်းခံထားရစဉ်အတွင်း သက်တမ်းကုန်သွားခဲ့ခြင်းဖြစ်သည်။ ၎င်းတို့လေးဦးကို ဒီဇင်ဘာလ ၄ ရက်နေ့တွင် ထပ်မံ၍ ရုံးထုတ် စစ်ဆေးမည်ဖြစ်သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်၊ ဧရာဝတီ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ မြန်မာတိုင်း/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ ဧရာဝတီ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ ဒီဗွီဘီ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ မြန်မာနောင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ မဇ္ဈိမ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ အီလဲဗင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ မြန်မာတိုင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်၊ Frontier Myanmar

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ RSF

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဧရာဝတီ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဒီဗွီဘီ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ Frontier Myanmar

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဗွီအိုအေ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ The Voice/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ အီလဲဗင်း/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ မြန်မာတိုင်း /မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ မဇ္ဈိမ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဧရာဝတီ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဒီဗွီဘီ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ မဇ္ဈိမ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဒီဗွီဘီ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ မြန်မာတိုင်း

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်၊ Frontier Myanmar

## ▪ ထောင်မှလွတ်မြောက်မှုများ

**KIA မှ လူသစ်စုဆောင်းရန်အတွက် ဖမ်းဆီးသွားခဲ့သော အဝေးသင် ကျောင်းသားများ ပြန်လည် လွတ်မြောက်လာ**

နိုဝင်ဘာလ ၁၂ ရက်နေ့တွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA)မှ ဖမ်းဆီးသွားခဲ့သော မြစ်ကြီးနားတက္ကသိုလ်မှ အဝေးသင်ကျောင်းသား ၂၀ ဦးသည် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ၎င်းတို့လွတ်မြောက်ရေးအတွက် ကချင်ငြိမ်းချမ်းရေး အကျိုးတော်ဆောင်အဖွဲ့ (PCG)မှ KIA ဌာနချုပ်၊ လိုင်ဇာသို့ ပန်ကြားခဲ့ပြီးနောက် ပြန်လည် လွတ်မြောက်လာခဲ့ခြင်းဖြစ်သည်။ နိုဝင်ဘာလ ၁၄ ရက်နေ့တွင် ကျောင်းသား ၁၃ ဦး ပြန်လည် လွတ်မြောက်လာခဲ့သည်။ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ ဝါရှောင်ကျေးရွာအနီးတွင်ရှိသော ဂွေယွတ်ယန်ကြိုး တံတားအနီးတွင် အပန်းဖြေရန် လာရောက်ကြသော မြစ်ကြီးနားတက္ကသိုလ်မှ အဝေးသင်တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသား ၃၀ ကျော်သည် KIA တပ်သားအဖြစ် ဖမ်းဆီး စုဆောင်းခြင်း ခံခဲ့ရသည်။ ထို့ပြင် KIA မှ လမ်းသွား လမ်းလာများကိုလည်း ဖမ်းဆီးစုဆောင်းမှုများ ပြုလုပ်ခဲ့သည်။ KIA မှ ကျောင်းသားအားလုံးကို လွှတ်ပေးခဲ့ကြောင်း PCG အဖွဲ့က ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်၊ ဘီဘီစီ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်၊ The Voice/မြန်မာ

**ပုဒ်မ ၆၆(ဃ)ဖြင့် ပြစ်ဒဏ်ချမှတ်ထားခြင်းခံရသော NLD ပါတီဝင်တစ်ဦး ပြန်လည် လွတ်မြောက်**

နိုဝင်ဘာလ ၁၀ ရက်နေ့တွင် ပုသိမ်မြို့နယ်၊ NLD ပါတီဒုဥက္ကဌ ဦးဆန်းရွှေသည် ပုသိမ်အကျဉ်းထောင်မှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ကိုးလကြာ တရားရင်ဆိုင်ခဲ့ပြီးနောက် စက်တင်ဘာလ ၄ ရက်နေ့တွင် ပုသိမ်မြို့နယ်တရားရုံးမှ ဦးဆန်းရွှေအား NLD ပါတီဝင်၊ ဆင်မကျေးရွာ အုပ်ချုပ်ရေး မှူး ဦးအောင်ကိုလွင်ကို လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆(ဃ)ဖြင့် ထောင်ဒဏ် သုံးလပြစ်ဒဏ်ချ မှတ်ခဲ့ သည်။ ဦးဆန်းရွှေ မှ ဆင်မကျေးရွာအုပ်ချုပ်ရေးမှူးက ဆင်မကျေးရွာရှိ အရက်ပုန်းဆိုင်များအား အရက်ဆီများကို မယူမနေရ လိုက်လံ ဖြန့်ဖြူးနေကြောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်၏ တူ ပစ္စည်းဖြစ်၍ ယူပေးရမည်ဟု အမည် အလွဲသုံးစား ပြုလုပ်နေပါကြောင်း၊ EC ရပ်ကျေးမှ လာရောက် တင်ပြပါသည်၊ ဥက္ကဌနှင့် ပါတီလွှတ်တော်၏ ဂုဏ်သိက္ခာကို များစွာ ထိခိုက်စေပါသည်၊ အမှန်တရားဖော်ထုတ် ရှင်းလင်းရန်လိုမည်ဟု သူ၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။ ထို့ကြောင့် ဦးအောင်ကိုလွင်မှ ဦးဆန်းရွှေအပါအဝင် ဆင်မကျေးရွာ NLD ပါတီ ဥက္ကဌ ဦးမြင့်နိုင်၊ ဒု ဥ က္ကဌ ဦးလွင်ဦးတို့ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ငွေဆောင် ရဲစခန်း၌ အမှုဖွင့်ခဲ့ပြီးနောက် ၎င်းတို့သုံးဦးသည် ဖမ်းဆီးခြင်းခံခဲ့ရသည်။ သို့သော်လည်း ဦးမြင့်နိုင်နှင့် ဦးလွင်ဦးတို့သည် အမှုတွင် ပါဝင်ခြင်းမရှိ၍ အချုပ်မှ ပြန်လည် လွတ်မြောက်လာခဲ့ပြီး ပုသိမ်မြို့နယ်တရားရုံးမှ ဦးဆန်းရွှေကို ၎င်း၏ ပထမ အကြိမ်ရုံးချိန်းတွင် အာမခံဖြင့် အချုပ်မှ လွှတ်ပေးခဲ့ကာ တရားရင်ဆိုင်စေခဲ့သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ အီလဲဗင်း/မြန်မာ

- ## နိုင်ငံရေးအကျဉ်းသားဟောင်းများ

**မြန်မာနိုင်ငံ၏ ဖြစ်စဉ်များစာအုပ်တွင် နိုင်ငံရေးအကျဉ်းသား ဟောင်း၏ အနုပညာလက်ရာများပါဝင်**

နိုဝင်ဘာလအတွင်းတွင် ဧရာဝတီသတင်းဌာနမှ နိုင်ငံရေး အကျဉ်းသားဟောင်း၊ AAPP ၏ MHAP အစီအစဉ်မှ ကောင်ဆယ်လာဟောင်း ကိုစန်းဇော်ထွေး၏ အနုပညာ လက်ရာ များပါဝင်သည့် မကြာသေးမီက ထုတ်ဝေခဲ့သော မြန်မာနိုင်ငံ၏ ဖြစ်စဉ်များ စာအုပ်၊ ကဗျာနှင့် ဓာတ်ပုံ စာအုပ်များနှင့် ပတ်သက်သော အကြောင်းအရာများကို ဖော်ပြခဲ့သည်။ ကျောင်းသားတစ်ဦးအဖြစ် နိုင်ငံရေးလှုပ်ရှားမှုများ ပြုလုပ်ခဲ့ခြင်း အတွက် ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရပြီးနောက် ကိုစန်းဇော်ထွေး သည် ၁၉၉၂ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ အကျဉ်းကျခံနေရစဉ် အတွင်း အနုပညာလက်ရာများ ဖန်တီးပြုလုပ်ခဲ့သည့် အကြောင်း ကို အမေးအဖြေ ပြုလုပ် ခဲ့ခြင်းဖြစ်သည်။ ထောင်တွင်းတွင် သူသည် ရောင်စုံအမှိုက်များကို စုဆောင်းခဲ့ပြီး နိုင်ငံရေးဆိုင်ရာ အတိုက်အခံပြုလုပ်သောအားဖြင့် ထိုရောင်စုံအမှိုက်များဖြင့် အနုပညာလက်ရာများ ဖန်တီးခဲ့သည်။ သူသည် ၉ ထောင်ဒဏ် ၃၆ နှစ် ကျခံခဲ့ရသော်လည်း ၂၀၁၂ ခုနှစ်တွင် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သည်။
[၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ ဧရာဝတီ]

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**အုပ်စုဖွဲ့ ရိုက်နှက်ခံရမှုကြောင့် လယ်သမားအရေး လှုပ်ရှားသူ တစ်ဦး သေဆုံး**

ရှမ်းပြည်နယ်၊ နောင်ချိုမြို့နယ်၊ အိုင်ဝိုင်းပါဟဲရွာမှ လယ်သမား အရေးလှုပ်ရှားသူ၊ ပြည်ထောင်စု တောင်သူလယ်သမား သမဂ္ဂ ရပ်/ကျေးတာဝန်ခံနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ စုံစမ်း စစ်ဆေးရေး ကော်မတီ အဖွဲ့ဝင် ဦးငွေအောင်သည် အုပ်စုဖွဲ့ ရိုက်နှက်ခြင်းခံခဲ့ရသော ဒဏ်ရာများကြောင့် နိုဝင်ဘာလ ၁ ရက်နေ့တွင် မန္တလေးဆေးရုံကြီး၌ သေဆုံးသွားခဲ့သည်။ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ဦးငွေအောင်အား နောင်ချိုမြို့နယ်၊ ပလောင်ကုန်းကျေးရွာမှ လူ ၂၀ ခန့်က ဝါးနှင့် ကြံချောင်းများဖြင့် အုပ်စုဖွဲ့ ရိုက်နှက်ခဲ့ခြင်းဖြစ်သည်။ အိုင်ဝိုင်း ပါဟဲကျေးရွာအတွင်းရှိ သိမ်းဆည်းခံ လယ်ယာမြေများ ပြန်လည် ရရှိရေးအတွက် ပြည်ထောင်စု လွှတ်တော်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်နှင့် သိမ်းဆည်းခံ လယ်ယာမြေများနှင့် အခြား လယ်ယာမြေများ ပြန်လည် စိစစ်ရေးကော်မတီသို့ ပန်ကြားစာ ပေးပို့ခဲ့ပြီးနောက် ကျေးရွာ ရာအိမ်မှူးမှ အငြင်းပွားနေသော လယ်ယာမြေများကို ကွင်းဆင်းစစ်ဆေးရန် ဖုန်းဆက်ခေါ်သော ကြောင့် ဦးငွေအောင်အပါအဝင် ခုနစ်ဦးမှ ချိန်းဆိုထားသော နေရာသို့ သွားရောက်ခဲ့ခြင်းဖြစ်ပြီး လယ်ယာ စစ်ဆေးရေးအဖွဲ့ ကို စောင့်ဆိုင်းနေစဉ် ရိုက်နှက်ခံခဲ့ရခြင်းဖြစ်သည်။ ရိုက်နှက်ခံခဲ့ရ မှုနှင့် ဆက်နွယ်၍ အောက်တိုဘာလ ၂၈ ရက်နေ့တွင် ပလောင်ကုန်း ကျေးရွာမှ ရွာသား သုံးဦးကို ဖမ်းဆီးခဲ့ပြီး နောင်ချိုမြို့မရဲစခန်းတွင် ထိန်းသိမ်းထားခဲ့သော်လည်း ၎င်းတို့ ကို ထိုနေ့တွင်ပင် ပြန်လွှတ်ပေးခဲ့သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ 7 Day Daily/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်၊ မဇ္ဈိမ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်၊ မဇ္ဈိမ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ FIDH

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ ဧရာဝတီ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်၊ Reuters

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်၊ ဗွီအိုအေ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ Reuters

**အထူးစီးပွားရေးဇုန် (SEZ) နှင့် ပတ်သက်၍ ကျောက်ဖြူ လယ်သမားများမှ ဒုသမ္မတ ထံ တောင်းဆို**

နိုဝင်ဘာလ ၄ ရက်နေ့တွင် ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့ ၌ ဒုသမ္မတ ဦးဟင်နရီဗန်ထီယူနှင့် လယ်သမားများ၏ ကိုယ်စားလှယ်များဖြစ်ကြသော ဦးမောင်သိန်းတန်၊ ဦးကျန်လှ၊ ဦးစောမောင်န၊ ဦးထွန်းဦး နှင့် ဦးလှသိန်းတို့ တွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။ လယ်ယာမြေသစ်များ ဖော်ထုတ်ပေးရေး၊ တားမြစ်ချ လုပ်ကိုင်လာသော လယ်ယာမြေများ၊ ဉယျာဉ်ခြံများကို တရားဝင်ဖြစ်စေရေး၊ အထူးစီပွားရေးဇုန်ဆောက်မည့် နေရာ အတွင်းတွင်ပါဝင်သွားသော ရွာများကို ရွှေ့ပြောင်းပြီး ပြန်လည် တည်ဆောက်သည့်အခါ နဂိုအဆင့်အတန်းထက် မနိမ့်ကျသည့် အိမ်များကို တည်ဆောက်ပေးရန် တောင်းဆိုခဲ့သည်ဟု ဦးမောင်သိန်းတန်မှ ပြောကြားခဲ့သည်။ ထို့ပြင် သိမ်းဆည်းခံရ မည့် လယ်ယာမြေများနှင့် ပတ်သက်ပြီး လယ်ယာမြေ တစ်ဧက ကို ကျပ်သိန်း ၉၀၀၊ ဉယျာဉ်ခြံမြေ တစ်ဧကကို ကျပ်သိန်း ၇၀၀ နှင့် စားကျက်မြေ တစ်ဧကကို ကျပ်သိန်း ၅၀၀ စီ ပေးရန် တောင်းဆိုခဲ့သည်ဟုလည်း ပြောကြားခဲ့သည်။ ယခင်က အထူး စီးပွားရေးဇုန်အတွက် လယ်ယာမြေ ၄၂၈၀ ဧကကို သိမ်းယူရန် စီစဉ်ခဲ့သော်လည်း စတင်တည်ဆောက်ချိန်တွင် ၂၅၀၀ ဧကသာ သိမ်းယူမည်ဖြစ်သည်။ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုမှ လယ်သမားကိုယ်စားလှယ်များ၏ တင်ပြချက်များကို မဖြစ်ဖြစ် အောင် လုပ်ဆောင်ပေးမည်ဟု ပြောကြားခဲ့သည်။

၂၀၁၇ နိုဝင်ဘာလ ၅ ရက်၊ Global New Light of Myanmar

၂၀၁၇ နိုဝင်ဘာလ ၆ ရက်၊ BNI/မြန်မာ

**လယ်ယာမြေအငြင်းပွားမှုများကို စိစစ်ပေးရန် အစိုးရအား တိုက်တွန်းသည့်အဆို တင်သွင်း**

နိုဝင်ဘာလ ၆ ရက်နေ့တွင် ကျင်းပသော ပြည်သူ့ လွှတ်တော် အစည်းအဝေး၌ ကနီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စား လှယ် ဦးထွန်းထွန်းနိုင်မှ သစ်တောကြိုး ဝိုင်း၊ ကြိုးပြင် ကာကွယ်တောများနှင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် လုပ်ပိုင်ခွင့်လုပ်ပိုင်ခွင့်ရရှိထားသူများနှင့် မူလတောင်သူများ အကြား မြေယာအငြင်းပွားမှုများကို လယ်ယာမြေနှင့် အခြားမြေ

များ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများဖြင့် ပြန်လည်စိစစ်ဖြေရှင်းပေး နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းခဲ့သည်။ လုပ်ပိုင်ခွင့်ရရှိထားသော ကုမ္ပဏီများမှာလည်း ဥပဒေစည်းမျဉ်း၊ စည်းကမ်းချိုးဖောက်နေသည့်အပြင် မူလလုပ်ကိုင်နေခဲ့သည့် တောင်သူများကို အကြိမ်ကြိမ် တရားစွဲဆိုမှုများသည် မိမိမဲဆန္ဒနယ်သာမက အခြားသောဒေသများတွင်လည်း ဖြစ်ပေါ်လျက်ရှိကြောင်း အဆိုရှင်ဦးထွန်းထွန်းနိုင်က ပြည် သူ့လွှတ်တော်၌ ဆွေးနွေးပြောကြားခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦး ဝင်းမြင့်က မြေယာသိမ်းဆည်းမှု ပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းရမည် မဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များမှ ကိုယ်တိုင် ဖြေရှင်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်း ပြန်လည် ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ The Voice/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်၊ အီလဲဗင်း/မြန်မာ

**နေပြည်တော်တည်ဆောက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် လျော်ကြေးငွေ ကျပ် လေးဘီလီယံကျော် ပေးအပ်ထားဟုဆို**

နေပြည်တော် တည်ဆောက်ရေးစီမံကိန်းများကြော င့် လယ်ယာမြေသိမ်းဆည်းခံခဲ့ကြရသည့် တောင်သူများကို နစ်နာကြေးကျပ်လေးဘီလီယံကျော် ပေးလျော်ခဲ့ပြီးဖြစ်ကြောင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဝင်(၂) ဦးမင်းသူက ပြောကြားခဲ့သည်။ ထို့ပြင် ၎င်းမှ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နိုင်ငံတော် ထောက်ပံ့ရန်ပုံငွေမှ လယ်ယာမြေနှင့် သီးနှံလျော်ကြေးငွေများကို ၂၀၁၂-၁၃ ဘဏ္ဍာနှစ်က စတင်ကာ လက်ရှိ ဘဏ္ဍာနှစ်အထိ ခြောက်ကြိမ် ပေးလျော်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ ယခင် သမ္မတ ဦးသိန်းစိန်လက်ထက်က တောင်သူများအတွက် နစ်နာကြေး ထောက်ပံ့ငွေအဖြစ် ၂၀၁၂-၁၃ ဘဏ္ဍာနှစ် တွင် ကျပ်သိန်း ၈၀၀ ခန့်၊ ၂၀၁၃-၁၄ ဘဏ္ဍာနှစ်တွင် ကျပ် သိန်း ၄၆၀ ကျော်၊ ၂၀၁၄-၁၅ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၄၈၀ ကျော်နှင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ကျပ်သိန်း ၇၁၀ ကျော်ဖြင့် လေးကြိမ် ပေးလျော်ခဲ့ကြောင်းလည်း ပြောကြားခဲ့သည်။ အစိုးရသစ်တက်လာပြီးသည့်နောက်ပိုင်း ၂၀၁၆-၁၇ ခုနှစ်တွင် ပေးလျော်ခဲ့သော သီးနှံနှင့်လယ်ယာမြေလျော်ကြေးသည်။ အများဆုံးဖြစ်သည်ဟုလည်း ပြောကြား ခဲ့သည်။ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်တွင် ၁ ဒသမ ၅ ဘီလီ ယံကျော်ကို တောင်သူများအား နစ်နာကြေးအဖြစ် ဆက်လက်ပေးလျော်ခဲ့သည်။ ယခုနှစ်ဘတ်ဂျက်ခွင့်ပြုငွေ သိန်းပေါင်း တစ်ထောင်ခန့်ရှိပြီး လက်ရှိတွင် ကျပ်သိန်း ၄၀၀ နီးပါး ပေးထားပြီးဖြစ်တဲ့အတွက် သိန်းပေါင်း ၆၀၀ ကျော်သီးနှံနှင့် မြေယာလျော်ကြေးများ ပေးရန်ရှိနေသေးကြောင်းလည်း ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ 7 Day Daily/မြန်မာ

**ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိသည့် မြေသိမ်းဥပဒေအား ပြင်ဆင် ပြဋ္ဌာန်းမည်ဟု အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီ ဥက္ကဋ္ဌ ပြောကြား**

ခေတ်စနစ်နှင့် ကိုက်ညီမှုမရှိသည့် ၁၈၉၄ မြေသိမ်းဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းမည်ဟု နိုဝင်ဘာလ ၇ ရက်နေ့တွင် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်းက ပြောကြားခဲ့သည်။ အဆိုပါ တည်ဆဲဥပဒေအား ပြင်ဆင်ရန် ကြိုးပမ်းရခြင်းသည် ဥပဒေ နှင့်အညီ မြေသိမ်းဥပဒေပေါ်ပေါက်ရန်နှင့် မြေသိမ်းခံရသည့် ပြည်သူများအတွက် သင့်တင့်မျှတသော နစ်နာကြေးပေးနိုင်စေရန် ရည်ရွယ်ပြီး ပြင်ဆင်ရန် ကြိုးပမ်းနေခြင်းဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ မြေသိမ်းခံရသော ရွာများ၊ အိမ်များ အသိမ်းခံရလျှင် ပြန်လည်နေရာချထားရေး၊ ပြန်လည် ထူထောင်ရေးတို့ကို စဉ်းစား ဆောင်ရွက်ထားပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းရန်အတွက်လည်း ထည့်သွင်း စဉ်းစားထားသည်ဟု ပြော ကြားခဲ့သည်။ မြေသိမ်းဥပဒေကို ပြင်ဆင်ရန်အတွက် အောက်တိုဘာလ ၃၀ ရက်နေ့တွင် တောင်သူလယ်သမားရေး ရာ ကော်မတီမှ အမျိုးသား လွှတ်တော် သို့ အဆိုတင်သွင်းခဲ့ရာ ယင်းအဆိုကို အမျိုးသားလွှတ်တော်က ဆွေးနွေးရန် အတည်ပြုခဲ့သည်။ မြေသိမ်းဥပဒေအား ပြင်ဆင်ရန် ကြိုးပမ်း ရာ၌ နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်းများအတွက် မြေသိမ်းရာ၌ အကျိုးသက်ရောက် ဖြစ်ထွန်းမှုရှိစေရေးနှင့် မြေသိမ်းဆည်းခံ ပြည်သူများ၏ ဆုံးရှုံးမှုများအား ပြန်လည်ကုစားရေးစသည့်အချက်များအပေါ်တွင် အခြေခံ၍ ပြင်ဆင်ရေးဆွဲမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်၊ မြန်မာတိုင်း/မြန်မာ

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်၊ 7 Day Daily/မြန်မာ

**သိမ်းဆည်းခံထားရသော လယ်ယာမြေများအတွက် လျော်ကြေးပေးရန် ဆားလင်းကြီးမြို့နယ်မှ လယ်သမားများ တောင်းဆို**

နိုဝင်ဘာလ ၁၀ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရ၊ ဆားလင်းကြီးမြို့နယ်မှ ဒေသခံတောင်သူများနှင့် လွှတ်တော်ကိုယ်စားလှယ်တို့ သုံးပွင့်ဆိုင် ဆွေးနွေးခဲ့ကြပြီး ဒေသခံတောင်သူများမှ ဆားလင်းကြီး

မြို့နယ်အတွင်း စံပယ်တောင်နှင့် ကြေးစင်တောင် ကြေးနီသတ္တုစီမံကိန်းအတွက် သိမ်းယူထားသော လယ်ယာမြေဧကနစ်ထောင်ကျော်အတွက် လျော်ကြေးပေးရန် တောင်းဆိုခဲ့သည်။ စစ်ကိုင်း တိုင်းဒေသကြီးအစိုးရမှ ကုမ္ပဏီနှင့် ဒေသခံတောင်သူများ၏ နှစ်ဖက်ပြောကြားချက်များကို နားထောင်၍ ညှိနှိုင်းခြင်းဖြစ်သည်။ နှစ်ဖက်ပြေလည်မှု မရရှိလျှင် ပြည်ထောင်စုအစိုးရထံကို တင်ပြမည်ဖြစ်သည်။ ဒေသခံ လယ်သမားများမှ ပြည်ထောင်စုအစိုးရထံသို့ တင်ပြမည်ဆိုလျှင် အချက် သုံးချက်တင်ပြပေးရန် တောင်းဆိုခဲ့သည်။ ထိုအချက်သုံးချက်မှာ မြေယာ ပြဿနာများကို အမြန်ဆုံး ဖြေရှင်းပေးရန်၊ တိုင်းအစိုးရအနေဖြင့် လက်ရှိတောင်သူ များမှ လယ်ယာမြေများကို လုပ်ကိုင်စားသောက်နေသည်မှာ မှန်ကန်သောကြောင့် ကုမ္ပဏီမှ ထိုလယ်ယာမြေများကို စွန့်လွှတ်သင့်သည်ဆိုသော သဘောထားမှတ်ချက်အား ထည့်ပေးရန်နှင့် စီမံကိန်းကို ရပ်ထားပြီး ဒေသခံတောင်သူများကို အရင်ဆုံးဖြေရှင်းပြီးမှ ဆက်လက်လုပ်ကိုင်ရန် စသည်တို့ ဖြစ်သည်။ ထိုအချက်များ ကို ပြည်ထောင်စုအစိုးရထံ တစ်လအတွင်း တင်ပြသွားမည်ဖြစ်သည်ဟု တိုင်းအစိုးရက ကတိပေးကြောင်း ဆားလင်းကြီးမြို့ နယ် ကံကုန်းရွာသား ကိုတင့်အောင်စိုးမှ ပြောကြားခဲ့သည်။ စီမံကိန်းအတွက် သိမ်းယူထားသည့် လယ်ယာမြေ များအနက် ၁၅ ဧကခန့် လုပ်ကိုင် နေသော တောင်သူ ခုနစ်ဦးက ထိုလယ်ယာမြေများကိုမစွန့်လွှတ်နိုင်ကြောင်း၊ လျော်ကြေးလည်း လက်ခံမည်မဟုတ်ကြောင်း ပြောကြားထားခဲ့သည်။ ကျန်သည့် မြေပိုင်ရှင် တောင်သူများမှ လယ်ယာမြေများကို စွန့်လွှတ်ထားပြီးဖြစ်ပြီး လျော်ကြေးရရှိရန် မကြာခဏ ဆန္ဒပြတောင်းဆိုခဲ့သည်။ မြန်မာယန်စီကုမ္ပဏီမှ လယ်သမားများမှ လယ်ယာမြေအားလုံးကို စွန့်လွှတ်မှသာ လျော်ကြေးပေးမည်ဟု ပြောကြားထားခဲ့ သည်။ ၁၉၈၇ ခုနှစ်အချိန်ခန့်က စံပယ်တောင်၊ ကြေးစင်တောင်စီမံကိန်းအတွက် ရွာ ၁၁ ရွာမှ လယ်ယာမြေဧက ၆၀၀၀ ကျော်ကို သိမ်းဆည်းခဲ့ပြီး ဧက ၂၃၀၀ ကျော်ကို လယ်ယာမြေလျော်ကြေးပေးရန် ကျန်ရှိနေသေးသည်ဟု ဒေသခံတောင်သူများမှ ပြောကြားခဲ့သည်။

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ

**တကောင်းနီကယ်စီမံကိန်းကြောင့် ပျက်စီးသွားခဲ့သည့် လယ်ယာမြေများအတွက် နစ်နာကြေးရရှိခြင်း မရှိသေး**

